သခင့်စကား ၁–၁၇၈

# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်






Happy Fathers Day!

ငါပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့စကားကို စေ့စေ့နားထောင် နားယူကြလော့။ ဟေရှာယ ၂၈:၂၃





အမှတ်စဉ် (၁၇၈) မေလ ၂၀၁၆ ခုနှစ် မဗ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## မလွတ်လမ်း မင်းအောင်သက်လွင်

မလွတ်လမ်း

ငါးနှစ်တာ ဆိုးခဲ့လေသမျှ -
ငါးရက်တည်းနဲ့ ယတြာချေ၊
မဟုတ်သေးဘူး အဘရေ။
ငရဲကို ကြောက်မှန်းသိပေမဲ့ ၊
ရာဇဝင်တွင်အောင် ဆိုးခဲ့သူမို့-
ဘယ်ကိုပြေးပြေး မလွတ်ရိုး၊
ငရဲ မီးပြင်းထိုး။ ။



---

## အမေ (သိုးသူငယ် - ဒါးက)

အမေ

နှိုင်းဆ မရတဲ့ အမေ့ မေတ္တာတွေအတွက် -
ဂုဏ်ပြုရေးဖွဲ့စရာ စာလုံးတွေ ရှာမတွေ့ခဲ့ဘူး အမေ။
ပြည့်လျှံလွန်းတဲ့ အမေ့ ကရုဏာမှုတွေအတွက် -
ဖော်ကျူးစရာ စာသားတွေ ရေးဖွဲ့ မရနိုင်ခဲ့ဘူး အမေ။
အမေ့ သွေးနဲ့ တည်ဆောက်ထားတဲ့ -
သမီး ဘဝ ပြည့်စုံလွန်းခဲ့တယ် အမေ။
အမေ့ ချွေးနဲ့ ခင်းပေးထားတဲ့ -
သမီး အနာဂတ် လှပလွန်းလှတယ် အမေ။
အမေ မွေးဖွားပေးခဲ့လို့ - လောကမှာ အသက်ရှင်ခွင့် ရခဲ့တယ်။
အမေ သွန်သင်ပေးခဲ့လို့ - စစ်မှန်တဲ့ ဘုရားနဲ့တွေ့ ၊ ထာဝရအသက် ရခဲ့တယ်။
အမေ လမ်းပြပေးခဲ့လို့- ပြောင်းလဲ မသွားတဲ့ သမ္မာတရားလမ်းပေါ် ရောက်ခဲ့တယ်။
အမေ့ ဘဝ ၊ သမီးအတွက် ပေးဆပ်မှုတွေ များလွန်းလှတယ် အမေ။ ။



---

## ပွားများစေ **(သဲမြတ်မွန်)**

ပွားများစေ

အမှောင်တရား ရှေ့မှ တားဆီး အလင်းမရ ဒီမျက်စိသည်
နင်းသောလမ်းပင် မသိတော့၍ မျှော်လင့်သူမှာ အလင်းရှင်ပင်။
နောက်ဆုံးသောခေတ် ဟူသော ကာလ
ရောက်လို့ လာပြီ ဒီခေတ်ကြီးမှာ စက်မှုထွန်းကား ပညာထွန်းကား
မထွန်းကားသည်ကား ချစ်ခြင်းမေတ္တာပင်။
သိသူဖော်စား မသိသူအငတ် ဟူသည့်လောက
တစ်ထောင်ရလျှင် တစ်ထောင် ဖြုန်းပစ်
မိမိအတွက် လူ့ဗီဇစိတ် ပေါ်လွန်းလာ။
မပြည့်စုံသော စာတစ်ကြောင်း၌ ကွက်လပ်များသာ လစ်ဟာနေသည်
လိုသည့်စာသား ဖြည့်ဆည်းပေးလျှက် ပြည့်စုံစေကြစို့
ထိုစာကြောင်းကို။ ခရစ်တော်၏ မိသားစုစိတ်ဓာတ်များကို
မိမိရောက်သည့်နေရာမှ ပေါ်လွင်စေကြစို့။ ။ သဲမြတ်မွန်



---

## တွေ့မကြည့်နဲ့လက်တွေ့နှင့်သိ Samuel Soe Lwin

တွေ့မကြည့်နဲ့လက်တွေ့သိ

ယေရှုကောင်းကြောင်း တရားပေါင်းလည်း
ကြားနာအပ်ကြောင်းထပ် အလွတ်ဆို၍ရမလောက်.......
သက်ရှင်ယေရှု ဖေးကူမှုလည်းကြားခဲ့သက်သေ
ရေတွက်မကုန်ပေ ......
ယေရှုအကြောင်း ဇာတ်တော်ပေါင်းလည်း ပြောတတ်ပါပေ
သင်းအုပ်ဆရာပင်ရှုံးလောက်နေ...
မယုံသူအကြား သူလေသွားတော့ သူ့နှုတ်တွေလေ ဆွံ့အ၍နေ....



ဘာကြောင့်ကြောင်းရင်း ရှာဖွေခင်းတော့
အသိနှင့်သာလေ ဘဝ၌ပြည့်၍သာနေ...
လက်တွေ့မပါ သိပညာလည်း သုံးစား၍မရ သိခဲ့ကြသို့....
လက်တွေ့မပါ ယုံကြည်ရာလည်း နှုတ်တွေဆွံ့အ ဖြစ်စမြဲပ...
ထို့ကြောင့်သူငါဘုန်းရောင်ဖြာဘို့
တွေ့၍သာမကြည့်နှင့် လက်တွေ့လာမြည်းလှည့် ။ ။ Samuel Soe Lwin




---

## မိဘများအားဂုဏ်ပြုခြင်း

### မြန်မာအက္ခရာများဖြင့် မိဘများအားဂုဏ်ပြုခြင်း (မင်းအောင်သက်လွင်)

မိဘ ဆိုသည်မှာ -

က - ကောင်းသောသူ(ကဆုန်ပေါက်ရင်း ကပြက်ကချော် ၊ကပေါက်တိ၊ကပေါက်ချာ ကမောက်ကမနဲ့ ကမြင်းကြော ထတတ်တဲ့ ကလေးသူငယ်တွေအတွက် ကယုကယ ကရုဏာ သက်ကာ ကကြိုးတန်ဆာ ဆင်ပေးတတ်သည့် အလွန်ကောင်းသော သူဖြစ်တယ်။)

ခ - ချစ်တတ်သောသူ။ (ခလုတ်ဆူးငြောင့်ပေါတဲ့ ခယောင်းတောမှာ ခလောက် ဆန်အောင် ပွေလီတတ်သော ရင်ခွင်ပိုက် ရင်သွေးငယ်ကို ခါးတောင်းကျိုက်ကာ တမျိုး ခါးထစ် ခွင် ချီပိုးကာတသွယ်၊ ခေါက်တုန့်ပြန် လျှောက်ရင်း ချောက်ကမ်းပါးထဲ မကျရလေအောင် ခိုင်ခံ့စွာ ခုခံပြီး ခံတပ်သဖွယ် ရန်ကို ချေမှုန်းကာ အစဉ် ချီပြုံး ချစ်ကျွမ်းဝင်ကာ ချစ်တတ်သောသူဖြစ်တယ်။)

ဂ - ဂရုစိုက် တတ်သောသူ ( ဂနာမငြိမ် ဖြစ်တတ်တဲ့ ရင်သွေးတွေကို လောကဓံ ဂယက် ရိုက်မှုတွေထဲ မနစ်မြုပ်ဘဲ အမြင့်က ဂေါ်သဇင်ပန်းလို လန်းစွင့်အောင် ဂရုစိုက်တတ်သော ဂုဏ်ပုဒ်ရှိသည့်သူ ဖြစ်တယ်။)

င - ငြိမ်းချမ်းစေသောသူ (ငယ်စဉ်တောင်ကျေး ကလေးဘဝမှာ ငိုကြီးချက်မ ငိုချင်းချတတ်တဲ့ လူမမယ်လေးတွေကို ငုံထားမတတ် မြတ်နိုးလွန်းလို့ မိမိ ရင်သွေးငယ်တွေကို ငွေကုန်ကြေးကျခံကာ ငိုက်မျည်းခြင်းမရှိဘဲ စောင့်ကြပ်ကာ ငတ်မွတ် ခေါင်းပါးဘေးမှ ကာကွယ် တတ်သလို သားသမီးများ ငြိမ့်ညောင်း သာယာသော စမ်းချောင်း နံဘေး မှ ငွားငွား စွင့်စွင့် ပွင့်လာသော ပန်းပွင့်များ ဖြစ်လာ စေရေး အတွက် ရန် အပေါင်းကို ငြိမ်းချမ်း စေတဲ့သူ ဖြစ်တယ်။)



စ - စွန့်စားတဲ့သူ။ (မိမိ ရင်သွေး များကို စရိုက်အကျင့် ကောင်းမွန်ဖို့နဲ့ စားနပ်ရိက္ခာ စုံလင်ဖို့ ငွေ စုစပ်သေချာစွာ စီရင်ထုံးဖွဲ့ စီစဉ်စီမံနိုင်ပြီး စင်းလုံးချော စံချိန်မီ သား သမီးများ ဖြစ်အောင် စိုးမိုးနိုင်သောသူ စွမ်းရည်သတ္တိဖြင့် စွမ်းစွမ်းတမံ စွန့်စားတဲ့သူ ဖြစ်တယ်။)

ဆ - ဆိုးတူကောင်းဖက် အမြဲမခွဲ ရှိနေတတ်တဲ့သူ။ (အိမ့် ဆည်းလည်း သားသမီးများ အတွက် ဆုထူးပန်ကာ ဆတက်ထမ်းပိုး ကြိုးစားရင်း ဆီလျော်ရာကို သွန်သင်တတ်တဲ့ သူဖြစ်တယ်။ သားသမီးများ ဆင်ခြင်တုံ တရား ရအောင် ဆည်းပူးစေသလို ဆူးငြောင့်ခလုတ် ဖယ်ရှားကာ ဆိုးတူကောင်းဖက် အမြဲ မခွဲရှိနေတတ်တဲ့သူဖြစ်တယ်။)

ဇ - ဇွဲရှိသောသူ (မိသားစုအတွက် ဇနီးမောင်နှံ လက်တွဲကာ ဇရာအိုသည့်တိုင် ဖွဲလုံ့လ မလျော့ဘဲ ဖွဲနပဲ အပြည့်နဲ့ ဇေချွေးပြန်ပါစေ ကရုမစိုက်ပါလေ ဇာတိမာန်ပြကာ ဇိဂိန်ချုပ် သည့်တိုင် ဇာနည်ကောင်း အနေနဲ့ ဇွဲရှိသောသူတွေဖြစ်တယ်။)



ပျော်ရွှင်သောအဖေများနေ့ဖြစ်ပါစေ။ Happy Father's Day

ဈ - ဈာပန စျေးတန်း စျေးနှုန်း စျေးပြင်ကနား ဈန်သင်စား
ည - (မိသားစုအတွက် ညည်းညူ ညည်းတွားဖြင်းမရှိ၊ ညည်းမတွား တတ်သောသူ။ ညွှတ်ပျောင်းကာ ညှာတာလို့ သားသမီးတွေ ညီညာဖြဖြ နဲ့ ညီလာခံကျင်းပနိုင်စေဖို့ ညက်ညော ညင်သာစွာ ညှိနိုင်စွမ်းသူများ ဖြစ်တယ်။)
ဋ - ဋီကာချဲ့ကာ မပြောလိုပါ။ အနှိုင်းမဲ့ မေတ္တာရှင် သက်သက်ပါ။
ဌ - ဌာပနာ (ဌေးကြွယ်သော သူဌေး ကဲ့သို့ သားသမီးများအတွက် ဌာပနာ သို သွင်းထားသောသူ။)
တ - တိုးတက်သောသူ (မိသားစုတွေအတွက် တကူးတကနဲ့ အလုပ်ကို တကုပ်ကုပ် လုပ်ရင်း မိသားစု တခမ်းတနားနဲ့ တငြိမ့်ငြိမ့် ဖြစ်အောင် တစုတရုံး ဖြစ်အောင် စည်းရုံးရင်း ပတ်ဝန်းကျင် အလည်မှာ တချင်ချင် နဲ့ ခြူသံလွင်အောင် ပြုစုခဲ့ပါတယ်။
ထ - မိသားစု ထူထူထောင်ထောင် ဖြစ်စေဖို့အတွက် အမြဲ ထက်မြက် ထကြွသောသူ။
ဒ - (ဒယိမ်းဒယိုင် ခွေယိုင်နေတဲ့ သားသမီးတွေ ကို ဒေါင်ကျကျ ပြားကျကျ ဒဏ်ခံနိုင်ရအောင် ဒီရေပမာ ဒီးဒီးကျ ချွေးတွေနဲ့ ဒိုးတူပေါင်ဖက် ဒုက္ခရစရိယာကျင့်ကာ ဒုန်းစိုင်းရင်း ဒုစရိုက်မှ ကင်းလွတ်ကာ ဒီဂရီဘွဲ့ရအောင် လမ်းပြပေးသောသူ)
ဓ - (ဒွိဟာစိတ်တွေဖယ်ရှား ဓနရှင်လို ဉာဏ်မများဘဲ ဓလေ့ထုံးစံနဲ့ အညီ ဒွန်တွဲ ကာ ဓူဝံကြယ် လို လင်းလက်စေသောသူ။)
န - (နာကျင် နာကြည်းနေသော ဘဝကို နားဝင်ပီယံဖြစ်စေသော စကားနဲ့ နားချပြီး နဂိုမူလ ဘဝမှ နာလန်ထ အောင် လုပ်နိုင်စွမ်းသူ)
ပ - (ပုခက် တွင်းမှ အစပြု၊ ပူစပ်ပူလောင် ပေရေညစ်ပတ်နေတဲ့ ရင်သွေးတွေအတွက် ပေးအပ် ပဲ့ပြင်တတ်သူ၊ ပျော်ရွှင်မြူးထူးသော ရင်သွေးများ ပေါ်ထွန်းလာအောင် ပစ္စည်းဥစ္စာ ပန်းကုံး ပူဇော်သက္ကာကို ပူးယှဉ်ကာ ပုံအပ်ပေးသူ)
ဖ - (မိသားစုအတွက် ဖွယ်ဖွယ်ရာရာ ပြည့်စုံစေဖို့ ဖြတ်ထိုးဉာဏ် သုံးကာ လုံ့လကို ဖွင့်ထုတ်ရင်း လိုဘ ကို ဖြည့်ဆည်းပေးတဲ့သူတွေ ဖြစ်တယ်။)
ဗ - (ဗရပျစ်ပွပြီး ဗလောင်း ဆန်နေတဲ့ မိသားစု ဗာဟီရ ကိစ္စတွေကြောင့် ဗုန်းဗုန်း လဲသွားပေမဲ့၊ မိသားစုရဲ့ ဗဟိုအလယ်မှာ ဗဟုသုတရှိစွာနဲ့ ဗိသုကာပညာရှင်လို ဗိမာန် တည်ထောင်ပေးတဲ့သူ။)
ဘ - (ရင်သွေးငယ်တွေ ဘေးလမ်း မချော်၊ ဘေးရန်ကင်းပြီး ဧ ဘးဥပဒ် မကျ ရလေအောင်။ ဘိုးစဉ်ဘောင်ဆက် က ပစ္စည်းဥစ္စာ အမွေကို ကောင်းသော ဘ ဏ္ဍာစိုး ပမာ စောင့်ထိန်းကာ ဘုန်းသွှာ ရှိလေသည့်သူ။)
မ - (မိတဆိုး ဖတဆိုး မိမိ ရင်သွေးငယ်ကို မှားယွင်းလမ်းလွဲမှာ စိုးရိမ်လို့ မကိုဋ္ဌ သဖွယ် ရင်မှာပိုက်လို့ မားမားမတ်မတ် ရပ်တည်ကာ မီးကုန်ယမ်းကုန် ကြိုးစားကာကွယ်၍ မောရမှန်း ပန်းရမှန်းတောင် မသိနိုင်တော့ဘဲ မွန်မြတ်သည့် စိတ်နဲ့ မော်ကွန်း ထိုးသည့် သူ) မချိတင်ကဲ မတန်တ ဆ မချိမဆံ့ မိဖုရား မိုးသည်းထန် မင်္ဂလာ မာန် မြည်ဟည်း
ယ - (ယာယီလောကမှာ ယိုဖိတ်မေတ္တာနှင့် ယုယကာ ကြင်နာ၍ ယတိပြတ် ကာ ယောက်ယက်ခတ် မနေဘဲ ကျွေးမွေးခဲ့သည့်သူ)
ရ - (ရတက်ပွေ ရတနာ သဖွယ် ရင်သွေးငယ်ကို ရာသက်ပန် ရိုးမြေကျ ပြုစုမဲ့ ရှုပါရုံကို ရှုးသွပ်စွာ ထားရင်း ရေစုန်သာရှိ ရေ ဆန်မရှိတဲ့ ရေသောက်မြစ် လို နက်ရှိုင်းမေတ္တာ မိဘတွေပါ။)
လ - (လပြည့်ဝန်း သာ သားရတနာကို လွတ်ငြိမ်း လွတ်လပ် လဟာပြင်ထဲက လူစွမ်းကောင်း လို လူရည်ချွန်လို လုပ်ကျွေး သွန်သင်ပြသည့်သူ)
ဝ - သားသမီးတွေ ဝဝတုတ်တုတ် နဲ့ ဝပြောစေဖို့။ သားသမီးတွေ ဝင့်ကြွားကာ ဝမ်းပန်း သတာ ရှိစေဖို့ ဝေ့လည်ကြောင်ပတ်မလုပ်ဘဲ ဝတ္တရားအရ သာမက ဝံသာနု စိတ်နဲ့ ဝေးလံသောအရပ်မှ ဝေခြမ်း ဝေငှတဲ့သူဖြစ်တယ်။
သ - သုညဘဝနဲ့ သေကောင်ပေါင်းလဲ မီးတွင်းထဲမှ သာမန် သာမည သားသည် အမေဟာ သားစဉ်မြေးဆက် သာယာလှသော သမုဒ္ဒရာပြင်လို သုခမိန် သူရဲကောင်း သဲကြီးမဲကြီး သံမဏိ သိပ္ပက် သိက္ခာ သတ္တိ
ဟ - (ဟောမန်တောတန်းမှ ဟိမဝန္တာတေတာင်ထိပ်တိုင် ဟိုးလေးတကျော် အောင်မော်နိုင်စေဖို့ ဟစ်ကြွေးကာ လုပ်ကျွေးပြုရင်း ဟုန်းဟုန်းတောက် ရင်တွင်း မေတ္တာနဲ့ ပြုစုတဲ့သူတွေဖြစ်တယ်။)
အ - (မိမိ ရင်သွေးအတွက် အကြိတ်အနယ် အားကြိုးမာန်တက် အားသွန် ခွန်စိုက်နဲ့ ကာကွယ် စောင့်ရှောက်ရင်း ကလေးများ အကျော်ဇေယျ အကျယ်တ ဝင့် ဖြစ်လာစေရေး အကြွင်းမဲ့ မေတ္တာဖြင့် ချစ်တတ်သောသူ။) ။ ။ မင်းအောင်သက်လွင်



# ကွမ်းကြိုက်သောဖေဖေ

## ကွမ်းကြိုက်သောဖေဖေ (မေရီ-ဖျာပုံ)

Dear! My father funeral is 14.6.09 tomorrow. I dreamed and saw him with healthy, two days ago. I feel unhappy, so I tried to call phone and they say he pass already.

သူငယ်ချင်း တစ်ယောက်ကို ပို့သော အထက်ပါ SMS ကို Anthea Choo ဆိုတဲ့ အသက် ၉နှစ် အရွယ် ကလေးမလေးက အံ့သြစွာ တွေ့ရသောအခါ သူနား မလည်ဘူး။ ကျွန်မ ကို ဘာကို ဆိုလိုတာ လဲလို့ ရှင်းပြခိုင်းတယ်။ သူ သိထား တာက ကျွန်မရဲ့ဖခင် လွန်ခဲ့သော ၁၅နှစ် ကတည်းက သေဆုံးသွားပြီး ဆိုတာ ပါဘဲ။ ကလေး နားလည်လွယ်အောင် "သူက ငါတို့ မိသားစုထဲကဘဲ သမီး တစ်ယောက် ထဲရှိလို့ ငါ့ကို ပထမတန်း ကနေ လေးတန်းအထိ သူတို့ အိမ်မှာ သမီး အရင်းလို ခေါ်ပြီး မွေးစားထားတယ်။ ကျောင်းထား ပေးတယ် ငါ့ကို



သမီး အရင်း လိုဘဲ ချစ်တယ်လို့ ရှင်းပြပါတယ်" ကလေးမ ရဲ့ ရှေ့ဆက် မေးခွန်းက အသက် ဘယ်လောက် လဲ။ ဘာ ရောဂါနှင့် သေဆုံး သလဲ လို့ ဆက်ပြန် ပါတယ်။ အသက် ၈၀ နှစ်၊ ရောဂါက ကင်ဆာ။ အဆုပ် အသဲကင်ဆာ မဟုတ် ဘူး။ ဒါပေမယ့် စင်္ကာပူမှာ India တွေ ပါးစပ်ထဲမှာ အနီရောင် အရည်တွေ ထွက်လာအောင် ဝါးစားတဲ့ အရာကို သူ့အသက် ၁၄ နှစ်ကတည်းက စ စားပြီး အခုတော့ ပါးစပ်မှာ အနာ ဖြစ်လာတယ်။ အဲ့ဒီ ကင်ဆာနှင့် သေဆုံးသွားတယ်။ ကျွန်မ စကား အဆုံးမှာတော့ သူက တော်တော် မိုက်တာဘဲ ဆိုတဲ့ အနေအထား စကားမျိုးနှင့် "stupid" လို့ ပြောပါ တယ်။

ကလေးမ၏ စကားကို သဘော မပေါက်နိုင်လောက်အောင် ခံစား ခဲ့ရပါတယ်။ ကျွန်မ ကလေးဘဝ သူ့အသက် လောက်တုန်းက အကြောင်းအရာ လေးတွေကို ပြန်စဉ်းစား မိပါတယ်။ ဖေဖေတို့ရဲ့ အိမ်က အုန်းပင်၊ ကွမ်းသီးပင် ဓနိပင်တွေ စိုက်ထား တဲ့ ခြံကြီးတွေရဲ့ အလယ်မှာပါ။ ကွမ်းသီးတွေ မှည့်ချိန်၊ မိုးတွင်းဘက် အခူးသမားတွေ မလာခင်မှာ လင်းစွဲတွေ ကိုက်လို့ ကြွေကြတဲ့ ကွမ်းသီးများကို အိပ်ယာထ မျက်နှာ သစ်ပြီးတာနှင့် ခြင်းတောင်း ဆွဲကာ ခြံအနှံ့ လိုက်ကောက်ခဲ့ပါတယ်။ မိုးတွင်းဘက် ခြင်တွေက အရမ်းပေါတာမို့ ကျွန်မကို ခြင်ကိုက်တော့ ခြေတွေ လက်တွေမှာ ယားပြီး အဖုကြီးတွေ ထွက်လာတာကို ဖေဖေ့၏ ကွမ်းအစ်ထဲက ထုံးနှင့် လိမ်းပြီး အယားကို သက်သာစေခဲ့ပါတယ်။ ဖေဖေ စားဖို့ ကွမ်းသီးစိမ်း အလုံး ၃၀ လောက် အမက အခွံ နွှာပေးပါတယ်။ တစ်ခါတစ်လေ ဦးအောင် နွှာတဲ့ အခါတွေမှာ ဘယ်လက်ညိုး ကို ဓားခုတ်မိပါတယ်။ လူကြီးတွေ မသိအောင် ခြံထဲ ပြေးသွားပြီး ကုက္ကိုလ်ရွက်ကို ခူးကာ အရည်ညစ်ပြီး သွေးထွက်တဲ့ ဒဏ်ရာထဲသို့ ထည့်ကာ ကတ်ကြေးညှပ်ပိတ်စ အသစ်ကလေးနှင့် ကိုယ်တိုင်စည်းထားပါတယ်။ ဖေဖေ ဟာ မိုးလင်း မိုးချုပ် ပါးစပ်ထဲမှာ ကွမ်းမပျက် ထားပါတယ်။ ညဘက် တစ်ရေးနိုးလည်း မီးခွက်နှင့် ကွမ်းထစားပါ တယ်။ ဖေဖေ ညဘက် ထွေးထားတဲ့ ကွမ်းတံတွေး ခွက်ကို ကျွန်မ မနက်တိုင်း သွန်ရပါတယ်။ မိုးလင်းရင် ကွမ်းအစ်ထဲမှာ ကွမ်း၊ ကွမ်းသီး၊ ကွမ်းစား ဆေးတွေ အဆင်သင့် ထည့်ပေးရတာ ကျွန်မ တာဝန်ပါ။

တစ်အိမ်သားလုံး မနက်စာ ညစာ စားပြီးတာနဲ့ ကွမ်းအစ် ဘေးမှာ ဝိုင်းနေကြတာပါဘဲ။ ကလေး ကွမ်း မစားရဘူးတဲ့။ ကျွန်မလည်း စားကြည့်ချင်တယ်လို့ ဆိုတော့ အိမ်သား အများ စားတဲ့ ကွမ်းသီးအခြောက်နှင့် မစားဘဲ ဖေဖေ စားတဲ့ ကွမ်းသီး စိမ်းနှင့် ထုံးလေး သုတ်ပြီး ဝါးလိုက်ချိန် ခဏလေးမှာဘဲ နားရွက် နှစ်ဖက် ပူထူ လာပြီး အိမ်ကြီး ပတ်ချာလည် နေပြီး ကူကြပါအုံးလို့ ပြောတော့ အမက အဲ့ဒါ ကွမ်းမူးတာ ကွမ်းညှပ် ရှူရတယ်ဆိုပြီး ကွမ်းညှပ်ကို ရှူခိုင်းပါတယ်။ ဘာတဲ့လည်းတော့ မသိဘူး တစ်ခဏ အတွင်းမှာပင် အမူး ပြေသွားပါတယ်။ အဲ့ဒီက စပြီး ကွမ်း မစားတော့ပါဘူး။ ကွမ်းစားခြင်းကို ကလေး ဘဝက စပ်ဆိုခဲ့တဲ့ သီချင်းလေး ကတော့ "မစိမ်းပေါ်၊ ကိုဖြူတက်၊ ကိုဖန်ပါတော့ သွေးက ထွက်" ကွမ်းရွက်စိမ်း [မစိမ်း] ပေါ်ထုံး [ကိုဖြူ] တွေသုတ်ပြီး ကွမ်းသီး [ကိုဖန်] လေးထည့် ဝါးလိုက်တော့ ကွမ်းတံထွေး



သခင့်စကား ဗိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၈ မေလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ဝေရန် ကန့်သတ် ထုတ်ဝေသည်။

[သွေး] နီနီလေး ထွက်လာတယ်ပေါ့။ ဟူး....ယခုတော့ဖြင့် ကွမ်းစားခြင်း ဆိုတာကို မကြားချင် မတွေ့ ချင် လောက်အောင်ပါဘဲ။

ဖေဖေဟာ ခေါင်းကိုက် ဖျားနာတယ်ဆိုတာ မရှိပါဘူး။ အသက် ခြောက်ဆယ် အထိ လယ်ထွန်နိုင်ပါတယ်။ အသက် ခြောက်ဆယ်ကျော် လောက်မှာ တော့ ဖေဖေ ဆီးသွား မရလို့ ဆီးနှင့် ကျောက်ကပ် အထူးကု ဆရာဝန်ထံ ပြေးရပါတယ်။ ဆီးလမ်းကြောင်းမှာ ကျောက် ရှိတယ်လို့ သိရပါတယ်။ ဆရာဝန်က တစ်လစာ ဆေးပေး ရုံမျှမက လမ်းဘေးမှာ ပေါက်တဲ့ သန်မနိုင် ကျောက်မနိုင် ဆိုတဲ့ ကျောက်ကွဲ ရွက် အပင်ကို သုံးခွက် တစ်ခွက်ပြုတ် သောက်ဖို့ မှာလိုက်ပါတယ်။ ဖေဖေလည်း တစ်လ နီးပါး ပြုတ်သောက်တဲ့အခါ ဆီးလမ်းကြောင်းမှာ ကျောက် ထွက်သွားပြီး သက်သာ သွားခဲ့ပါတယ်။ အဲ့ဒီတုန်းက ဆရာဝန်က ကွမ်းမစားတော့ဖို့ ပြောပါတယ်။ ဒါပေမယ့် ဖေဖေ အရှိန်မပျက် ဆက်စားနေပါတယ်။ ဖေဖေ့ကို အနားမှာ အနီးကပ် မပြုစု နိုင်ပေမဲ့ အဝေးကနေ ကျန်းမာရေး သတင်းမေး၊ အစာ အဟာရတွေ အပြည့်အဝ ကျွေးဖို့ အစ်မကို သတိပေးပါတယ်။ ဖေဖေဟာ ထမင်း အနည်းငယ် သာ စားပါတယ်။ ဟင်း ဘယ်လောက် ကောင်းကောင်း ပိုပြီး မစားပါဘူး။ ဒါ့ကြောင့် လူကြီးတွေ အတွက် အဟာရဖြစ်တဲ့ Ensure နို့မှုန့်ကို စင်္ကာပူ ကနေ ထည့်ပေးလိုက်ပါတယ်။ မိခင်ကြီးကို တစ်လတစ်ခါ ဖုန်းဆက်တိုင်း ဖေဖေတို့ မိသားစု နေကောင်းကြရဲ့လား လို့မေးပါတယ်။ ဖေဖေတို့က တစ်ခြားရွာမှာ နေကြတာပါ။ မိခင်ကြီးက ကျွန်မ ဖုန်းဆက်တိုင်း သူတို့ဆီသွားပြီး သတင်းပို့ပေးပါတယ်။ သူတို့လည်း စကား မပြောကြတာ ၃နှစ် ကျော်ကြာပြီး ကျွန်မနှင့် ဖုန်းပြောချင်တယ်လို့ မိခင်ကြီးကို ပြောပြီး ကျွန်မ ဖုန်းဆက်တဲ့ ရက်မှာ မွေးစား အဖေနှင့် အမေက ကျွန်မနှင့် ဖုန်းပြောဖို့ အတူ ရှိနေ ပါတယ်။ ဖေဖေ ဖုန်းကိုင်တဲ့ အလှည့်မှာတော့ ကျွန်မက နေကောင်းကြလားလို့ မေးတော့ ဖေဖေက နေကောင်းကြပါတယ်လို့ ဖြေပါတယ်။ ဒါပေမဲ့ နာဂစ် မုန်တိုင်း ကြောင့် အကုန် ပြောင်ပြီး ဘာမှလည်း မရှိတော့ဘူး။ အခု ကွမ်းသီးတိုင်နှင့် အိမ် ဆောက် နေရတယ်တဲ့။ ငါတို့ကို ပြန်လာကြည့်ပါအုံး လို့ပြောပါတယ်။ နာဂစ် ပြီးလို့ ၆ လအကြာမှာ ပြောတာ ဖြစ်ပါတယ်။ နာဂစ် နောက်ပိုင်း တောရွာ တွေမှာ ဆက်သွယ် ရေးအတွက် ကမ်းရိုးတန်း ဖုန်းတွေ တောရွာတွေမှာ ရှိနေပါ တယ်။

အိမ်ပြန်ဖို့ သုံးပါတ် ခွင့်ရလို့ ဖေဖေ့အိမ် သွားတဲ့ တစ်နေ့မှာ တွေ့မြင် ရတဲ့ မြင်ကွင်း ကတော့ အစ်မရဲ့ မျက်နှာမှာ ငိုထားတဲ့ မျက်ရည်တွေနှင့် ကျွန်မကို တွေ့ လိုက် တော့ အံ့အားသင့်သွားတဲ့ပုံစံ။ ကျွန်မ သွားမှာကို သူတို့ ကြို မသိ ထားကြ ဘူး။ အိမ်နီးချင်း အစ်မ ဝမ်းကွဲ နှစ်ယောက်လည်း ရှိနေကြတယ်။ လက်စသက်တော့ ဖေဖေ့ကို ရန်ကုန်မြို့မှာ ဆေးကု သွားပြဖို့ ခေါ်မရလို့ ငိုတဲ့သူက ငို စိတ်ပျက်တဲ့ သူက စိတ်ပျက် နေကြတာကို ကျွန်မ ရောက်သွားတော့ အစ်မ တစ်ယောက် အားတက် သွားတဲ့ မျက်နှာနှင့် ဦးလေးက နင်ပြောမှ ရမှာ။ ဆရာဝန်က ရန်ကုန်မှာ သွားပြခိုင်းတာ ဘယ်လိုမှ ခေါ်လို့ မရဘူး။ ပါးက အကြိတ်က တဖြေးဖြေး ကြီးကြီး လာတယ်။ ပါးစပ်ထဲမှာ အနာလည်း ဖြစ်နေပြီး ရန်ကုန်ကို ရောက်အောင် ခေါ်ပါတဲ့။ ဖေဖေနှင့် မေမေ တို့က တောမှာ ကြီးပြင်းလာတော့ ဆေးရုံ ဆေးခန်းဆိုတာ



အရမ်း ကြောက် တယ် ဆိုတာ ကျွန်မ သိထားတယ်လေ။ ကျွန်မလည်း အနာ အခြေအနေကို အကဲ မခတ်ဘဲ။ အဖု အကြိတ်နိုင်တဲ့ အုတ်ကျင်း သမိုင်းက အနာပေါက် ဆရာကြီး ဆီသွား မယ်။ တည်းခိုဖို့လည်း မပူရဘူး။ ကျွန်မ ကိုယ်တိုင် လိုက်ပို့ပေးမယ်။ ဖေဖေ မငြင်းသာ တော့ပါဘူး။ ဖေဖေဟာ စကားပြော တော်တော် နည်းတဲ့ သူပါ။ ဒါကြောင့်မို့လို့လည်း ဖေဖေ ပါးစပ်က ဘာစကား တစ်ခွန်းမှ ထွက်လာမှာ မဟုတ်ပါဘူး။ သမီး အရင်း ထက် ကျွန်မကို ပိုချစ်တယ်ဆိုတာ အများက သိထားကြပါတယ်။ အများ၏ ထူးခြားတဲ့ အကြည့်လေးတွေကို ကျွန်မ ခံစားရပါတယ်။

လွန်ခဲ့တဲ့ သုံးလ ကတည်းက သမီး အရင်း ခေါ်မရလို့ မွေးစား သမီး အချစ်တော် ခေါ်မှ ရပေမယ့် အချိန်ကောင်းပေမယ့် အခါ နှောင်းနေပါပြီး။ စဖြစ် ကတည်းက ဖျာပုံမြို့မှ ဆရာဝန်နှင့် ပြထားသော စာအုပ်နှင့် ဆေးတွေကို တောင်း ကြည့်တော့ ဆေးနှင့် ပတ်သက်လို့ အနည်းအကျဉ်း သိထားတဲ့ ကျွန်မ ရွှေရင် လေး သွားပါတယ်။ ပိုးသတ်ဆေးတွေ သောက်ဖို့ ဆရာဝန် ညွှန်ထားတာ ဖေဖေ သုံးလုံးသာ သောက်ထားတာကို တွေ့ရပါတယ်။ အစ်မ ကို မေးတော့ ငါ ဆေး မသောက်ဘူး အသေ ခံမယ်တဲ့။ ဆရာဝန်က သွားနှင့် ခံတွင်းကို သွားပြခိုင်းတော့ အချိန်မှီ မသွားတာ အပ်နှင့် မထွင်း ဆောက်နှင့် ထွင်းရမှာ သေချာပြီးလို့သာ။

မြန်မာပြည်၏ March လ အပူချိန်က ပြင်းလှပါတယ်။ ရန်ကုန်မြို့ကို မြန်မြန် ရောက်အောင် Taxi နဲ့သွားတယ်။ ဖုန်းဆက်ပြီး ဆေးခန်းမှာ တိုကင်နံပါတ် ယူတော့ ဖေဖေက နံပါတ် ၁ ဖြစ်ပြီး မွန်းလွဲ တစ်နာရီမှ ဆေးခန်း စဖွင့်မှာ ဖြစ်ပါတယ်။ ဆေးခန်း စဖွင့် တိုကင် နံပါတ် ၁ လို့ ခေါ်တော့ ဖေဖေနှင့် ကျွန်မ ဆေးခန်းထဲသို့ ဝင်သွားပါတယ်။ ကျွန်မက ပါးမှာ အကြိတ်ဖြစ်လို့ဘဲ ပြောပါတယ်။ ဆရာကြီးက ပါးစပ် ဟခိုင်းကာ ဓာတ်မီးနှင့် ထိုးကြည့် နောက် ဘာတစ်ခုမှ မပြောဘဲ သွားနှင့် ခံတွင်းကို သွားခိုင်းပါတယ်။ စမ်းသပ်ခ လည်း လုံးဝ မယူပါဘူး။ ကျွန်မ အရမ်း စိတ်ပျက် သွားပါတယ်။ ယခင် ကျွန်မ ဒီဆေးခန်းမှာ တွေ့ဖူးတဲ့ လူနာတွေ အဖုအကြိတ် အနာအဆာ အမျိုးမျိုး တွေ သူတို့ဆေးနှင့် အနာရောဂါ ပျောက်ကင်းခဲ့ပါတယ်။ ဦးလေး တစ်ယောက်လည်း ဂုတ်မှာ အနာပေါက်တာ တစ်လလောက် ဒီဆေးခန်းမှာပင် ကုသ ခဲ့သည်မှာ အနာများ ပျောက်ကင်း ခဲ့ပါတယ်။ အခြား တွေ့ရတဲ့ လူနာတွေကလည်း လည်ပင်းမှာ ကင်ဆာ လိုမျိုး ရင်သားမှာ အကြိတ် ပြည်တည် တာမျိုး၊ အို.... စုံနေအောင် သူတို့ ကုပေးတယ်။ အော်.... ဖေဖေရဲ့ အနာကို သူတို့ ဘာလို့ လက်မခံတာလဲလို့...........။

ဒီလိုနဲ့ ဆေးရုံ ဆေးခန်းဖက် လှည့်ရမယ်ဆိုတော့ ပုဖွန်တောင်က ဖေဖေ၏ တူမကို ဘယ် ဆရာဝန်ဆီမှာ ပြရမလဲလို့ ဖုန်းဆက်တော့ သူ့အိမ်ကို ခေါ်လာခဲ့ပါတဲ့။ ဖေဖေ ရန်ကုန်ကို ခေါ်မရခြင်း အကြောင်းအရင်းက အဲ့ဒီ တူမ အိမ်ကို မသွားချင်သော အကြောင်းအရင်းဘဲ ဖြစ်ပါတယ်။ တူမက ဒေ့ဝတ် ကျေလွန်းလို့ ဖေဖေ အားနာ လို့ ဖြစ်ပါတယ်။ ပုဖွန်တောင်က တူမ အိမ်ကို ရောက်သွားတဲ့အခါ တူမက ကိုယ့်မှာ ဆွေမျိုးဆိုလို့ ဒီဦးလေး တစ်ယောက်ဘဲ ရှိတော့တာဘဲ ပြုစုရမှာပေါ့တဲ့။ ဖေဖေ့ကို အားပေး စကားတွေပြောကာ ဆေးခန်းပြဖို့ စုံစမ်းပြီး အဲ့ဒီ ညမှာဘဲ ရွှေဗဟို ဆေးခန်းကို ကိုယ်တိုင် လိုက်ပို့ခဲ့ပါတယ်။ စမ်းသပ်ခန်း ထဲကို အန်တီ လိုက်တဲ့အတွက် ကျွန်မ အပြင်မှာ စောင့်နေပါတယ်။ ပြန်ထွက် လာတော့ အန်တီက ပြောပြတယ်။ ဒီ ဆေးခန်း ဆိုရင် အကုန်အကျ အရမ်းများမယ်။ နာဂစ် ဒေသ ကနေ လာတာ ဆိုတော့ သင်္ကန်းကျွန်း ဆေးရုံကို သွားပါတဲ့။ ဒီလိုနဲ့ နောက်နေ့မနက် ထိုဆေးရုံကို သွားခဲ့ ပါတယ်။ ကျွန်မလည်း ရန်ကုန်မြို့မှာ ဆေးရုံကြီး၊ ကလေးဆေးရုံ၊ မြောက်ဥက္ကလာ ဆေးရုံ၊ ဆာကူရား၊ အာရှတော်ဝင်၊ ရွှေဂုံတိုင်ဆေးရုံတို့မှာ လူနာစောင့် ဖူးပေမယ့် သင်္ကန်းကျွန်း ဆေးရုံကို တစ်ခါမျှ မရောက်ဖူးပါဘူး။ ရောက်သွားတော့ ကျေးလက် တောရွာ အဆင့်လောက်သာ ရှိတော့ ကျွန်မ တော်တော် အံ့သြသွားပါတယ်။

တွေ့ရတဲ့ လူနာတွေကလည်း ဆင်းရဲနွမ်းပါးတဲ့သူတွေ၊ ဆေးရုံကလည်း သန့်သန့် ရှင်းရှင်း မရှိဘဲနှင့် ညစ်ညမ်းတဲ့ အနံ့တွေဖြင့် ကျွန်မ တော်တော်လေး စိတ်ပျက် သွားပါတယ်။ ဆရာဝန် စမ်းသပ်တဲ့ အခန်းထဲမှာ သန့်ရှင်းရေး ဝန်ထမ်း တစ် ယောက်နှင့် သူနာပြုဆရာမ တစ်ယောက် ရှိနေ ပါတယ်။ ကျွန်မတို့လည်း ဆရာဝန် အလာကို စောင့်နေပါတယ်။ အသားရောင် ရုပ်လက်ရှည် ခပ်နွမ်းနွမ်းနှင့် ပုဆိုး မှုန်ပြာပြာ ဝတ်ထားတဲ့ လူ တစ်ယောက် ဝင်လာပါတယ်။ ဆရာဝန် မလာသေး ပါလား လို့ ထင်ပေမဲ့ ထိုသူဟာ ဆရာဝန် တစ်ယောက် ဖြစ်နေတယ်။ ဒီတစ်ခေါက် ဆေးခန်း က အခန်း ကျယ်တော့ ကျွန်မလည်း အခန်းထဲ လိုက်ပါ ဝင်သွားပါတယ်။ ဖေဖေ့ကို သွားနှုတ်တဲ့ ပက်လက်ထိုင်ခုံမှာ ထိုင်ခိုင်းပြီး ခံတွင်းကို ဟ ခိုင်း လိုက်ပါတယ်။ ဒီအချိန် မှာ သန့်ရှင်းရေး အမျိုးသမီးလည်း ဖေဖေ၏ ခံတွင်းထဲ ကြည့်နေပါတယ်။ ဆရာဝန်က ဘာမျှ မမေး မပြောသေးခင် သူက "ဒေါ်ကြင်" ကြီးလိုဘဲလို့ အရင် ပြောပါတယ်။ သူမ အဲ့ဒီလို ပြောတာနဲ့ ကျွန်မ ဖေဖေ့ ခံတွင်း အတွင်းသို့ ကြည့်လိုက်ပါတယ်။ အကြိတ် ဆန်ဆန် တွေလို အနာကြီးတွေကို တွေ့ရပါတယ်။ ဆရာဝန်က ဖြစ်တာ ဘယ်လောက် ကြာပြီလဲ လို့သာ မေးပြီး ကောလိပ်ကို သွားခိုင်းပါတယ်။

သွားကောလိပ် မှာ ပြရမည့် ဌာနကို ရောက်တော့ လက်တွေ့ သင်တန်းဆင်း ဆရာမလေး နှစ်ယောက် ထွက်လာ ပါတယ်။ လူနာ၏ နာမည်ကို မေးပြီး အခန်းထဲကို ဝင်သွားပါတယ်။ ကျွန်မလည်း ဖွင့်ထားတဲ့ တံခါးကနေ ရှုံးခန်းလို အခန်းကို တွေ့တာနှင့် လှမ်းကြည့်လိုက်တယ်။ ပါမောက္ခလို့ ထင်ရတဲ့ ဆရာဝန်တစ်ဦး တန်းလျှား ရှည် ခုံပေါ်မှာ ထိုင်နေတဲ့ ကျောင်းသား တွေကို စာရှင်းပြ နေတာကို တွေ့ရ တယ်။ ဆရာဝန်မလေး နှစ်ယောက် ဆရာဝန်ကြီး အနားကို သွားရပ်တော့ လူနာ၏

ရောဂါကို ဆရာဝန်ကြီးက မေးနေပါတယ်။ သူတို့ ဘာမှ မမေးသွားတော့ ဆရာဝန်က ဆူနေတဲ့ အသံကို ကြားနေရပါတယ်။ ခဏကြာတော့ လူနာကို အခန်းထဲသို့ လာထိုင်ဖို့ ခေါ်လိုက် ပါတယ်။ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါတွေကို ကျောင်းသားတွေကို ရှင်းပြပါ တယ်။ ဆရာဝန်ကြီး ပေးတဲ့ အဖြေက ခင်ဗျားရောဂါက ဓာတ်ကင်ရမယ်။ ဆေးရုံကြီး၏ ဓာတ်ကင်ဌာနကို သွားလို့ မှာလိုက်ပါတယ်။ သူတို့ ခင်ဗျားကို ကုသ ပေးမယ်လို့ ပြောပါတယ်။ ဖေဖေ ကုချင်မှ ကုပါလို့ ပြောပါတယ်။ ဖေဖေလဲ ကြားဖူးနားဝ ရှိထားတဲ့ ဓာတ်ကင်တာ အရမ်းပူတယ်လို့ ပြောပြီး ငါ ဒဏ်မခံနိုင်ဘူး။ ဓါတ် မကင်ဘူး ဆိုတာနဲ့ ပုဇွန်တောင်အိမ် ကိုဘဲ ပြန်လာတော့တယ်။ ကင်ဆာဆိုတဲ့ အနာ ဆိုတာ ကျွန်မ တို့လည်း သိရပြီးဆိုတော့ ဒီလိုမျိုး အနာတွေကို ကုသနေတဲ့ နေရာကို အန်တီ၏ ယောက်ျားကို မေးလိုက်ပါတယ်။ တိုင်းရင်း ဆေးခန်း ဒါမှမဟုတ် ဆရာ သာကတိုး ဆီ သွားပါတဲ့။ ကျွန်မတို့လည်း နေ့လည်စာစားပြီး Taxi ငှားကာ တိုင်းရင်း ဆေးခန်းကို သွားပါ တော့တယ်။ လမ်းတစ်ဖက်မှာ လှမ်းမြင်ရတာကတော့ ဆေးခန်း ပိတ်ထား ပါတယ်။ ဒါနဲ့ ဆရာသာကတိုး အိမ်ကိုသွားဖို့ Taxi သမားကို မေးတော့ သူ သိတယ်လို့ ပြောတယ်။ Taxi သမားက သူ့အဒေါ်လည်း လည်ပင်းမှာ ကင်ဆာ ဖြစ်လို့ ဓါတ်ကင်တာ မသက်သာလို့ ဆရာသာကတိုး ဆီမှာ ပြတာ ပျောက်သွားတယ်လို့ ပြောလိုက် တဲ့ အခါမှာ ဖေဖေလည်း ဝမ်းသာ သွားပုံရပါတယ်။ ဆရာ သာကတိုး အိမ် ရောက်တော့ ဖေဖေ တော်တော်လေး ပျော်သွားပုံရတယ်။ ဆရာဝန်ကြီးက ခင်ဗျား ကွမ်း ဘယ်အချိန်က စားလဲလို့ မေးတော့ ၁၄ နှစ်မှ ယခုအချိန် ၈၀ အထိ စားတုန်း ဘဲလို့ ပြန်ပြောတယ်။ ဆရာကြီးက ကွမ်းက ခင်ဗျားကို သတ်လိမ့်မယ်။ ကျုပ် အသက် ၈၁ ရှိပြီး သန်မာ တုန်းဘဲ ခင်ဗျား အသက်ရှည်ချင်လျှင် ကွမ်း ဖြတ်လိုက် ပါတဲ့။ ဖေဖေ က အားရ ဝမ်းသာနှင့် ဟုတ်ကဲ့ပါ ဆရာကြီး။ ကျွန်တော် ဆရာကြီးကို ယုံကြည်ပါ တယ်။ ဆရာကြီး စကားကို နားထောင်ပါ့မယ်တဲ့။ ဆရာကြီးက သူ့ဆေးဟာ အမေရိကား မှာ သွားကုပြီး မပျောက်လို့ ပြန်လာတဲ့သူတောင် ပျောက်သွားတယ်လို့ဆို တော့ ကျွန်မလည်း တော်တော် ပျော်သွားပါတယ်။

ဆရာကြီး၏ ဆေး ကတော့ ပီစပ်ရွက်လို့ ခေါ်တဲ့ အရွက်တွေကို အခြောက် လှမ်းပြီး အမှုန့် ကြိတ်ထားတဲ့ ဆေးထုပ်တွေပါ။ တစ်ထုပ်ကို တစ်ပတ်စာ ဆေး ဘယ်လို သောက်ရမလဲ ဆိုတာ ညွှန်ပြတယ်။ ခင်ဗျား ခြံထဲမှာ အဲ့ဒီအပင် ရှိလျှင် ခံတွင်းကို အဲ့ဒီ အရွက်ညစ်ပြီး ပလုပ်ကျင်းပါ။ ပါးမှ အကြိတ်ကိုလည်း ကြက်ထုပ် လုပ်ပြီး ထိုးခိုင်းပါတယ်။ ဆရာကြီးက ဆေး စသောက်တဲ့ ရက်က စပြီး နေ့တိုင်း ဆေး မှတ်တမ်း ရေးပါလို့ မှာတယ်။ တစ်ပတ်ပြည့်လျှင် ဖုန်းဆက်ပါလို့ ပြောပါတယ်။ ကျွန်မလည်း ဆရာကြီးမှာတဲ့ အချက် ၆ချက်ကို စာဖြင့် ရေးပြီး အစ်မကို ပေးလိုက် ပါတယ်။ ကျွန်မက စင်္ကာပူကို ပြန်ဖို့ စီစဉ်ရမှာမို့ ရန်ကုန်မှာ နေခဲ့ဦးမယ် ဆိုပြီး သင်္ဘောဆိပ်အထိ လိုက်ပို့ပြီး နောက်နေ့မှ ပြန်လာမယ်လို့ ဖေဖေ့ကို ပြောပါတယ်။ နောက်တစ်နေ့ ညမိုးချုပ်ခါနီးမှာ ကျွန်မနဲ့ အတူ မိခင်ကြီးနဲ့ အခြား ဆွေမျိုးတချို့ဖေဖေ့ အိမ်ကို လူနာသတင်း မေးသွားကြပါတယ်။ ဖေဖေ့ မျက်နှာ မရွှင်ပါဘူး။ နာကျင်မှု ဝေဒနာ ခံစားနေရပြီး မျက်နှာက နေလောင် ထားသလို မဲပြာပြာ အရောင် ဖြစ်နေပါ တယ်။ ကျွန်မလည်း အားပေးစကား ပြောပြီး ဆရာကြီး ဆေးအညွှန်း အတိုင်း တိုက်လားလို့ မေးဖို့ အစ်မကို မတွေ့ဘူး။ လက်စသက်တော့ အစ်မက ပထမ ပြောထားတဲ့ တောရွာတွေမှာ အဲ့ဒီလိုမျိုး အနာတွေကို လိုက်ကုတဲ့ ဆရာကို သွားပင့် တယ်လို့ တူမလေးက ပြောပါတယ်။ ယခင်က အဲ့ဒီဆရာက တခါ လာပြီး ဆေးတွေ အနာထဲ ထည့်ပေးဖူးပြီး အနာကို စားအောင်ထည့် ဆေးတွေနဲ့ ထည့်ပြီးပြီ။ ဖေဖေ မခံနိုင်လို့ ရပ်လိုက်တာလို့ ပြောပါတယ်။ ညဘက် ၁၀နာရီ ကျော်လောက်မှာ အစ်မ ပြန်ရောက် လာပါတယ် ဆရာကိုပါ ပင့်လာပါတယ်။ ဒါပေမဲ့ ဆေးနှင့် ပတ်သက်တာ ဘာ တစ်ခုမျှ မပါလာပါဘူး။ ကျွန်မလည်း သူ ဘယ်လို ကုမလဲလို့ ကြည့်နေမိပါတယ်။ ဖေဖေ၏ တိုလီမုတ်စလေးတွေ ရှိနေတဲ့ စားပွဲခုံပေါ်ကို လှမ်းကြည့်နေပါတယ်။ ယခင် သူထားခဲ့တဲ့ ဆေးထုပ်လေးတွေကို ရှာနေတဲ့ အကြည့်ဖြင့် အစ်မကို ဆရာ့ ဆေးထုပ် တွေ့လားလို့ မေးတော့ ဟုတ်တယ်လို့ ဖြေပါတယ်။ ဆေးထုပ်ကို ကူရှာ ပေးပါတယ်။ ဧည့်သည်တွေလည်း အကြည့်အစုံနဲ့ပေါ့။

အနာ တော်တော်များများကို ကိုင်တွယ်သန့်ရှင်းရေး လုပ်ခဲ့ဖူးတဲ့ ကျွန်မ ဒီ တစ်ခါတော့ လက်မြှောက် သွားပါတယ်။ ဆရာဟာ အနာကို မကိုင်တွယ်မီ လက် မဆေး ပါဘူး။ အနာထဲ ထည့်မည့် ဆေးထုပ်လေးတွေကလည်း အစို ပြန်နေတယ်။ ကြည့်လိုက်တော့လည်း ကျွန်မ အနာစိမ်းပေါက်တုန်းက လိမ်းတဲ့ ဆေးတွေကို လက်ဖက်ရည် ပုဂံထဲထည့်ကာ ရောစပ်ပြီး ဖေဖေရဲ့ ပါးချောင်ထဲကို လက်ညိုးနှင့် ကလော် ထည့်တာ တွေ့ရပါတယ်။ ကျွန်မ ရင်ထဲမှာတော့ သေပြီဆရာ လို့ တမိ ပါတော့တယ်။ စခါးလဲပါ။ ရှိန်ဂိုလဲပါ။ စခါး တစ်မျိုးတည်း ကျွန်မ သုံးဖူးတာ ခြေတလုံး အသားတောင်မှ စစ်စစ်နဲ့ တော်တော် ခံရခက်ပါတယ်။ အခုတော့ ဖေဖေလည်း ပျောက်လို ပျောက်ငြား အောင့်ခံရတာ နေမှာဘဲလို့သာ စိတ်ထဲ ထိခိုက်မိပါတယ်။ ဆရာ သာကတိုး မှာလိုက်တာ အနာထဲကို ဘာမှ မထည့်ပါနဲ့တဲ့။ ကျွန်မ နားထဲမှာ ကြားယောင် နေသလို အစ်မနဲ့ ဖေဖေရဲ့ နားထဲမှာ မကြားယောင်ဘူးလားလို့ သူတို့ကို ပါးစပ်က ဖွင့်မပြောလို့သာလို့ ရင်ထဲမှာ ကြိတ်ပြီး အော် နေမိပါတယ်။

ဖေဖေက အိပ်လို့ မရအောင် နာနေလို့ ထိုင်နေရပါတယ်။ သန်းခေါင် လောက်မှာ မခံနိုင် လွန်းလို့ ဆေးတွေ ထုတ်ပစ် ပလုတ်ကျင်းပြီး ကျွန်မ ပီစပ်ရွက်လေးချေကာ အနာမှာ ငုံထား ခိုင်းလိုက်ပါတယ်။ ပါးက အကြိတ်က ရှိန်းရှိန်းနဲ့ ပူနေတာကို ပိစပ်ရွက်ကို အရည်ကျဲကျဲ ညှစ်ပြီး ပိတ်စိမ်းပါးနဲ့ ကပ်ပေးတဲ့အခါ နေသာ ထိုင်သာ ရှိပုံ ရပါတယ်။ ကျွန်မလည်း အနီးကပ် ပြုစုဖို့ အချိန်မရတာနဲ့ ဖေဖေကို အစာ ပုံမှန်စားဖို့ ကျွန်မ ဝယ်ပေးတဲ့ နို့မှုန့်ကို တစ်နေ့ သုံးခွက်သောက်ဖို့ ဒီအနာဟာ အသက်နဲ့ အဝေးကြီး ဖေဖေ အစာဖြတ်ရင် လုံးပါးပါး လိမ့်မယ်။ သူတို့တွေ ကျွေးတာ စားပါ စသည်ဖြင့် အားပေးစကားတွေပြောပြီး နှုတ်ဆက်ခဲ့ပါတယ်။ သူတို့တွေက နတ်စား ကရင်တွေ ဆိုတော့ အယူသီးတယ်။ ဘယ်တော့ ပြန်လာမလဲလို့ မမေးဘူး။ ကျွန်မလည်း ဘယ်တော့ ပြန်လာမလဲလို့ မဖြေတော့ဘူး။ သေချာတဲ့ အတွေးလေး ခေါင်းထဲ ဝင်လာတာကတော့ နောက် ၂နှစ် ပြန်လာရင် သူတို့မှ ရှိအုံးမလား လို့ အတွေးလေးတွေ ဝင်ကာ ဖေဖေနှင့် မေမေနဲ့အတူ ဓါတ်ပုံအတူ ရိုက်ခဲ့ပါတယ်။


ဒီလိုနဲ့ စင်္ကာပူကို ပြန်ရောက်ပြီး တစ်ပတ် တစ်ခါ ဖုန်းဆက် ဖေဖေ့ သတင်း မေးပါတယ်။ ငါးပတ်လောက် အကြာမှာတော့ ဖေဖေ အစား မဝင်တော့ဘူး။ စကား သိပ် မပြောနိုင်တော့ဘူးလို့ သိရပါတယ်။ အော်... ဘယ်နေ့ သေမလဲ မသိနိုင်တဲ့ သေခြင်း တရား ပါလား။ အိမ်ကို ဖုန်းမဆက်ခင် နှစ်ရက်မှာပင် ဖေဖေ သေဆုံး သွားပါ တယ်။ ဖုန်းဆက်ပြီး နောက်တစ်နေ့ဟာ ဖေဖေ၏ အသုဘလို့ ပြောပါတယ်။ ဖေဖေ၏ ဗုဒ္ဓ တရားတော်အရ ဘဝတစ်ပါးသို့ ကူးသွားခဲ့ပါပြီ။ ကောင်းရာ မွန်ရာသို့ ရောက်ပါ စေလို့ ဆုတောင်း မေတ္တာပို့လျှက်.... ဖေဖေ့ကို ကျေးဇူးဆပ်သော အနေဖြင့် လက် တစ်ကမ်းမှာ ရှိနေသော ကွမ်းစားနေသည့် သူများကို ခံတွင်း ကင်ဆာ ရောဂါမှ ကင်းဝေး စေဖို့နှင့် ကွမ်း၏ ဆိုးကျိုး အမျိုးမျိုးကို ဆင်ခြင် သုံးသပ် နိုင်ကြ ပါစေလို့။

Mary(ဖျာပုံ)

---------------

# အပြစ်တရား

အပြစ်တရား *ဆယ်မြှုရယ်စိုးလွင်*




ဃ။ အပြစ် တရားသည် လူကို လုံးဝ အမှောင် ကျစေခြင်း။

ရောမ ၃း၁၀–၁၈ တွင် ရှင်ပေါလုက အပြစ် သည် လူ၏ စိတ်ဆန္ဒမှ အစ ဦးခေါင်းမှ ခြေဖျားတိုင် ဆိုးကျိုး သက်ရောက် စေကြောင်း ( ဥပမာ၊ နှုတ်၊ လျှာ၊ ပါးစပ်၊ ခြေလက်၊ မျက်စိ၊ အားလုံး) နှင့်အားလုံးက အပြစ်နှင့် ပြည့်ဝ နေကြောင်း ဆိုထား ပါသည်။ တိတု ၁း၁၅ တွင် ကြည့်ပါကလည်း စိတ် နှလုံး ယိုယွင်း၍ အပြစ်တရား၌ ကျဆင်း သူ ဖြစ်ကြောင်း ဆိုထားခြင်းဖြစ်သည်။ လုံးလုံး ကျဆင်းသည်ဟု ဆိုရာ၌ ထိုကဲ့သို့ လူသည် ဆိုးညစ် နေရမည်ဟု မဆိုလိုပါ။ လူသည် အပြစ်တရားကြောင့် ဗီဇဟူသော အပြစ် တရားအားဖြင့် ယိုယွင်းသွားခြင်းကိုသာဆိုလိုပါသည်။

၅။ လူတိုင်း ဘုရားရှင်၏ ရှေ့တော်၌ စီရင်ခြင်းခံရမည်။

အပြစ်တည်းဟူသော အရာမှန်သမျှ ဘုရားနှင့် ဆန့်ကျင်ဘက် ဖြစ်သော ကြောင့် အပြစ်သားတိုင်း ပြုမိလေသမျှ စစ်ကြောခြင်း ခံရပေမည်။ ဟေဗြဲ ၉း၂၇ ၌ “ လူသည် တခါတည်းသေ၍ ထို့နောက် တရားစီရင်ခြင်းခံရမည်” ။ ရောမ ၂း၁၆ တွင်လည်း လူ၏ စိတ်နှလုံး အကြံအစည် များပင် ဘုရားရှင်စစ်ကြောမည်ဟု ဆိုပါသည်။ ဗျာဒိတ် ၂၀း၁၃ တွင် လူသားတို့ တရားစီရင်ခြင်းအတွက် ထမြောက်ရာနေ့တွင် အပြစ်နှင့် အလျောက် ဘုရားရှင်က စီရင်မည်ဖြစ်ပြီး၊ ယုံကြည်သူတိုင်း၏ အပြစ်ကိုကား ခရစ်တော်၏

ကုသိုလ်တော်အားဖြင့် ပေးချေပြီးဖြစ်သောကြောင့်၊ မယုံကြည်သော သူတို့ သည်ကား ကေန်အမှန် အပြစ်အတွက် စီရင်ခြင်းခံကြရပေမည်။

လူပေါင်းများစွာက အပြစ်အတွက် စီရင်ခြင်းခံရမည်ကို လက်မခံလိုကြပေ။ ထို့ကြောင့် လည်း ဆင့်ကဲဖြစ်စဉ်ကို လက်ခံခြင်းအားဖြင့် ဘုရားရှင်နှင့်ဝေးရန် ရှောင်လွှဲကြခြင်းပင် ဖြစ်သည်။ အချို့က သေပြီးက ပြီးပြီဟု သွန်သင်ကြပြန်လေသည်။ ဤဖြစ်တော်နှင့် အညီ ဖြောင့်မတ်စွာပြု၏။ ထို့ကြောင့် ဘုရား၏သဘော သဘာဝနှင့် ဆန့်ကျင်သော အရာတို့ကို ပြုမူသောသူသည် မတရားသော အပြစ်ဟူ၍ ခေါ်ဆိုလေသည်။ ဘုရားမကြိုက်သော အရာလုပ်ဆောင်နေမှု အားလုံးတို့သည် အပြစ်ဖြစ်၏။ အချို့က သမ္မာကျမ်းစာကို မသိဟူ၍ ဆိုကောင်းဆိုကြပေမည်။ သို့တိုင်အောင် သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘုရားမကြိုက်သောအရာကို လုပ်ဆောင်ခြင်း မှန်သမျှသည် အပြစ် ဟု ခေါ်ဆိုထားပေသည်။

ဂ။ လုပ်သင့်သည်ကို မလုပ်ခြင်းသည် အပြစ်ဖြစ်သည်။

ရှင်ယာကုပ် ၄း၁၇တွင် “ ထို့ကြောင့်။ ကောင်းသော အကျင့်ကိုသိလျှက် မကျင့်ဘဲ နေသောသူသည် အပြစ်ရှိ၏”။ လုပ်သင့်လျှက် လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် အပြစ်ဖြစ်သကဲ့သို့၊ မလုပ်ရန် မိန့်တော် မူချက်များကို လုပ်ဆောင်ခြင်း သည်လည်း အပြစ်ဟူ၍ ခေါ်ဆိုပါသည်။ လူသည် ဝန်ခံသည်ဖြစ်စေ၊ ဝန်မခံသည်ဖြစ်စေ အပြစ်ကို ကျူးလွန်နေကြလေသည်။

ဃ။ ဘုရားကို မယုံကြည်ခြင်းသည် အပြစ်ဖြစ်သည်။

ခရစ်တော် ဘုရားက လူတို့သည် မယုံကြည်ခြင်းအပေါ်၌ ဝိညာဉ် တော် ဘုရား သည် အပြစ်ကိုဖော်ပြမည်ဖြစ်ကြောင်း မိန့်ဆို တော်မူခဲ့လေသည် ( ယော ၁၆း၈–၉)။ ဘုရားရှင် မိန့်တော်မူချက် တရားစကားတော်ကို မယုံကြည်ခြင်းက ဘုရားက လိမ်ညာသည်ဟု ဆိုခြင်းဖြစ်သလို၊ သူကသာ မှန်နေသည်ဆိုသော အသွင်ကို ဆောင်နေခြင်းပင်ဖြစ်သည်။ ထိုအရာသည် အကြီးဆုံးသော အပြစ်ပင်ဖြစ်သည်။ အကြောင်းမှာ အပြစ်ဒုစရိုက် အားလုံး တို့သည် မယုံကြည်ခြင်းမှ ဆက်နွယ် လာသောကြောင့် ဖြစ်သည်။ ဘုရားရှင် အား မယုံကြည်ဟု ယူဆခြင်းက ဘုရားစကား နားထောင်ရန် မလိုအပ်ဟု ထင်မြင်ခြင်းပင် ဖြစ်သည့်အတွက်၊ “ အဖေ့ထက် သား တစ်လ ကြီး ” ဆိုသော သဘော မျိုးပင် ဖြစ်လေတော့သည်။

င။ ခွင့်မလွှတ်နိုင်သော အပြစ်။


ခွင့်မလွှတ်နိုင်သောအပြစ် အတွက်မေးခွန်းများစွာ ပေါ်လာတတ်သလို၊ လူပေါင်းများစွာတို့က ခွင့်မလွှတ်နိုင်လောက်သော အပြစ်က ဘာလဲ၊ ထိုအပြစ်ကို ကျူးလွန်မိပြီး လွှတ်မြောက်ရာ ရောက်နိုင်ပါဦးမည်လားဟု တွေးတော နေတတ် ကြလေသည်။ မဿဲ ၁၂း၃၁ တွင် “ပြစ်မှားသော အပြစ်၊ ဘုရားကို ကဲ့ရဲ့သောအပြစ် အမျိုးမျိုးတို့နှင့် လွှတ်စေခြင်းအခွင့်ကို လူတို့သည် ရနိုင်ကြ၏။ ဝိညာဉ်တော်ကို ကဲ့ရဲ့သော အပြစ်နှင့် လွှတ်စေခြင်းအခွင့်ကို လူတို့သည် မရနိုင်ကြ”။ ကဲ့ရဲ့ခြင်းဟူသော စကားသည် တစ်ဖက်၌ ဆန့်ကျင်စွာပြောခြင်းဟူ၍ အဓိပ္ပါယ်ကို ခရစ်တော်ဘုရားက ဆက်လက်၍ ရှင်းပြရာတွင် အငယ် ၃၂ ၌ “ လူသားကို နှုတ်ဖြင့်ပြစ်မှားသော အပြစ်ကို ခမည်းတော်သည် လွှတ်နိုင်၏။ သန့်ရှင်းသော ဝိညာဉ်တော်ကို နှုတ်ဖြင့် ပြစ်မှား သော သူ၏ အပြစ်ကိုကား ယခုဘဝ နောင်ဘဝ၌ မလွှတ်နိုင်”ဟု ဆိုခဲ့သည်မှာ လူတို့က ခရစ်တော် ပြုတော်မူသော အမှုတို့သည် နတ်ဆိုးတို့အားဖြင့်သာပြုသည်ဟု ယိုးစွပ်ခြင်းပင် ဖြစ်သည်။ ထိုအရာသည် ဥပစ္စျာယ်ဆရာ ဝိညာဉ်တော်ဘုရားအား လက်မခံလိုသလို၊ ခရစ် တော် ဘုရား၏ သမ္မာတရားစကားတို့ကိုလည်း ငြင်းပယ်ခြင်းပင် ဖြစ်သည်။ ထို့ ကြောင့် သူတို့သည် ဘယ်သောအခါမျှ အပြစ်လွှတ်ခြင်းကို မခံရကြတော့ပေ။ ဤ ကြောင်းမှာ ဘုရားရှင်က ခွင့်မလွှတ်လို၍ မဟုတ်ပဲ သူတို့ကိုယ်၌က ဘုရား အား ယုံကြည် လက်ခံခြင်း၊ ကိုးစားခြင်း မပြုလို ၊ လက်မခံလို သောကြောင့်ပင် ဖြစ်သည်။ ယနေ့ ထိုခွင့်မလွှတ်နိုင်သော အပြစ်ကို ကျူးလွန်နိုင်သူမှာ ဝိညာဉ်တော် ဘုရား၏ အပြစ် ဖော်ပြခြင်းကို တားဆီးငြင်းဆန်လျှက် ဘုရားပေးသော ခွင့်လွှတ်ခြင်းကို လက်မခံ လိုသူသာ ကျူးလွန်နိုင်ပေသည်။ သေသည့်တိုင်အောင် ဝိညာဉ်တော် ဘုရားအား ဆန့်ကျင်၍ ဘုရားရှင်အား ငြင်းဆန်နေသူသာ ယနေ့ထိုအပြစ်ကို ကျူးလွန်နိုင်ပေသည်။

*၂။ ကမ္ဘာနှင့်ချီသော အပြစ်။*

ဤလောက၌ ရှိသောအပြစ်တရားသည် လူတိုင်းကိုယ်င်း၊ အရာ ခပ်သိမ်းကိုင်း ထိခိုက်နစ်နာစေသည်။၎င်းတို့မှာ အောက်ဖော်ပြပါအတိုင်းဖြစ်လေသည်။

က။ လူတိုင်း အပြစ်သား။ “ အပြစ်မပါဘဲ ကောင်းသော အကျင့်ကိုကျင့်သော သူတော် ကောင်း တစုံ တယောက်မျှ မြေကြီးပေါ်မှာ မရှိ” ( ဒေသနာ ၇း၂၀၊ ၃ ရာ ၈း၄၆) ဟု သမ္မာကျမ်းစာ တော်မြွတ်က ဆိုခဲ့သည့်အတိုင်း ရောမ ၃း၂၃၊ ၅း၁၂ တို့မှာ လည်း အတည်ပြု ထားလေ သည်။ ယေရှုခရစ်တော်တည်းဟူသော ဘုရား သားတော်မှ တပါး၊ ယောက်ျား၊ မိန်းမ၊ လူကြီး၊ လူငယ် မရွေး ဤလောက၌ အသက်ရှင် ခဲ့သော သူတိုင်း၊ အသက်ရှင်နေသူတိုင်း အပြစ်သား များသာ ဖြစ်ကြသည်။ လူသားတိုင်းသည် အပြစ်ရှိသော အာဒံမှ မွေးဖွား လာကြသောကြောင့် အားလုံးက ဗီဇနှင့် အပြစ်သား များသာ ဖြစ်ကြသည် ( ဖေက် ၂း၃)။ လူသားတို့သည် အပြစ်ပြုသောကြောင့် အပြစ်သားများ ဖြစ်ကြသည်သာ ( ရော ၃း၂၃)။

ခ။ အပြစ်ဖြင့် ဖွဲ့စည်းသောသူ။




လူ၌ရှိသော အစိတ်အပိုင်းအားလုံးတို့သည် အပြစ်ဖြင့်သာ ရှိသည်၊ လူတို့၏ အတွေးအခေါ်၊ ဆုံးဖြတ်ချက်၊ ဉာဏ်ပညာ၊ လုပ်ဆောင်မှု ကာယ၊ ဝစီ၊ မနော တို့သည် အပြစ်၏ အကျိုးဆက်ကြောင့် အပြစ်သားဖြစ်သည့် အတိုင်းစင်ကြယ်ခြင်း မရှိတော့ချေ ( ရောမ ၃း၁၀–၁၉)။

ဂ။ အပြစ်ဖြင့် အရာအားလုံးအကျိုးသက်ရောက်။

လူသား၏ ပြစ်မှားခြင်းကြောင့် တောတောင် ရေမြေမှ သက်ရှိ သက်မဲ့ ဤ လောက အရာ အားလုံးတို့သည် အမင်္ဂလာ ရောက်ကြရလေသည်။ ရှင်ပေါလုက ဤအမင်္ဂလာ အဖြစ်ဆိုးမှ တလောကလုံး ညည်းတွားကာ ရွေးနှုတ်ခြင်းကို မျှော်လင့်နေကြ သည်ဟု ဆိုထားလေသည် (ရော ၈း၂၀–၂၃)။ ဇေလိဖက်က “ကောင်းကင် ဘုံသော်လည်း ရှေ့တော်၌ မစင်ကြယ်” (ယောဘ ၁၅း၁၅) ဟုဆိုထားလေသည်။ အမြင့်ဆုံး ဖန်ဆင်းခံ လူသားကြောင့် အရာအားလုံးတို့သည် အလားတူ အမင်္ဂလာ ရောက် ရလေသည်။ လူသည် အပြစ်တရားကြောင့် စင်ကြယ်ခြင်း မရှိသော အခါ သူ၌ဘုရားရှင် နှစ်သက် သောအရာများအား သူ၏ရုပ်ခန္ဓာတို့မှ လုပ်ဆောင်နိုင်စွမ်း မဲ့ခဲ့လေသည်။

*၃။ အပြစ်၏အကျိုးဆက်။* အပြစ်တရား မှန်သမျှ ဘုရားရှင်ထံမှ စီရင်ခြင်း မလွှတ်နိုင်သလို၊ အကျိုးဆက် လည်း ရှိလေသည်။ လူတို့သည် အပြစ်ကို အမျိုးမျိုးဆင်ခြေပြု၍ သေးငယ်ရန် ပြုသော်လည်း၊ သန့်ရှင်းသော ဘုရားကား ထိုသို့မပြုပါလေ။ ဤပြစ်တရားကြောင့် အကျိုး ဆက်မြောက်များစွာ တွေ့ရပါသည်။

က။ မယုံကြည်သူတို့၏ အပြစ်အကျိုးဆက်။

( ၁ ) အပြစ်၏ကျေးကျွန်ဖြစ်ခြင်း။ မကြာမကြာ ပြုသောအပြစ်သည် နောက်ဆုံး အကျင့်ဖြစ်လာသည်။ တစ်ကြိမ် စတင် မိသော အပြစ်သည် နောင်အခါ ရှောင်ရန် အလွန်ခက်ရပြီး၊ အဆုံးတွင် အပြစ် တရား၏ ကျေးကျွန်ဖြစ်ရလေတော့သည် ( ယော ၈း၃၄၊ ရော ၆း၁၆)။

( ၂ ) အပြစ်တရားသည် ဘုရားနှင့်ဝေးကွာစေသည်။ လူသည်အပြစ်ကြောင့် မစင်ကြယ်သောသူ ဖြစ်သွားသည့်အတိုင်း မယုံကြည် သူတို့၏ လုပ်ဆောင်လေရာအားလုံးတို့ကို ဘုရားရှင်မြင်တော်မူ၍၊ လူ့အမြင်၌ သူပြုသမျှ ကုသိုလ် ကောင်းမှုတို့သည် ဘုရားရှင်ရှေ့တော်၌ လက်နီးစုတ်ကဲ့သို့ပင် အလား သဏ္ဍာန်တူပေ၏ ( ဟေရှာယ ၆၄း၆)။ ဗီဇအပြစ်ဖြင့် ရှိနေသော သွေးသား ခန္ဓာကိုယ်မှ ဘုရားရှေ့တော်တွင် ကျေနပ်စေရန် မစွမ်းသာပါ ( ရော ၈း၈ )။ စိတ်တော်နှင့် မတွေ့နိုင်ပါ၊ လောဘ၊ ဒေါသ၊ မောဟ စသော ဗီဇအပြစ်ကြောင့် မယုံကြည် သူသည် အဘယ်သို့ပင် ကောင်းရာပြုစေကာမူ ဘုရားရှင်ရှေ့တော်၌ အမှတ် ရရန် အကြောင်းမရှိချေ။

( ၃ ) အပြစ်သည် စီရင်ခြင်းကိုဖြစ်စေသည်။ အချို့က သူတို့သည် တနေ့ ဘုရား ရှေ့မှောက်တွင် ရောက်သောအခါ စီရင် ခြင်းကို ခံကြရမည်ဟု မထင်ကြပေ။ သို့သော် ဘုရား ရှင်က ယခုပင် စီရင်ခြင်းကို ခံရပြီဟုဆိုပါသည် (ယော ၃း၁၈)။ ခရစ်တော် ဘုရားက ဇာတိပကတိကို စီရင်ခဲ့သည် ( ရော ၈း၃ )၊ လူအားလုံးအပေါ်မှာ စီရင်ခြင်း ရောက်ခဲ့ပြီဟု ရှင်ပေါလုက ဆိုခဲ့လေပြီ ( ရော ၅း၁၈)။ သန့်ရှင်းသော ဘုရားက အပြစ်သားအား တရားစီရင်ခြင်းသည် အမှန်ပင် မတွေးဝံ့စရာပင်ဖြစ်သည်။

( ၄ ) အပြစ်၏ အခသေခြင်း။ အပြစ်ပြုပါက သေမည်ဟု အာဒံအား ဘုရားရှင် သတိပေးခဲ့သည်။ ရှင်ပေါလုကလည်း တဖန် “ အပြစ်တရား၏ အခကား သေခြင်း ပေတည်း ” (ရော ၆း၂၃) ဟုဆိုခဲ့သလို၊ ပရောဖက်ကြီးက “ ပြစ်မှားသော ဝိညာဉ်သည် အသက်သေရမည်” ( ယေဇကျေလ ၁၈း၄) ဟုဆိုခဲ့သည့် အတိုင်း သေခြင်းသည် သုံးမျိုး သုံးစားဖြင့် ဝင်ရောက်ခဲ့ပါသည်။ အများစု သတိပြုမိသော သေခြင်းကား ရုပ်ခန္ဓာ သေခြင်းပင် ဖြစ်သည်။ ခန္ဓာသည် သေ၍ နာမ်အသိစိတ်သည် ထာဝရ ကာလ သို့



သခင့်စကား ဗိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၈ မေလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂနုံသုတ ထုတ်ဝေသည်။

တိုင်အောင် သွားရပေမည်။ ထို့အတူ နာမ်သက် ဝိညာဉ် သေခြင်း လည်းရှိပါသည်။ မယုံကြည် သူတို့သည် ရုပ်ခန္ဓာ အသက်ရှိသော်လည်း ဝိညာဉ် အသက်ကား မရှိပါ၊ အကြောင်းမှာ သေနေသောကြောင့်ပင်ဖြစ်သည် ( ဖေက် ၂း၁–၂)။ ဖေက် ၂း၅ တွင် ရှင်ပေါလုက "အပြစ်၌ နေလျှက်ရှိသောသူတို့ "ဟုဆိုခဲ့သည်။ တတိယ အပြစ်၏အခ သေခြင်းကား "ထာဝရ သေခြင်း" သို့မဟုတ် "ဒုတိယသေခြင်း" ဟူ၍ ဗျာဒိတ် ၂၁း၈ တွင် ပြဆိုပါသည်။ သေခြင်းဟူသော စကား၏ အမှန် အဓိပ္ပါယ်မှာ "ခွဲခွါခြင်း" ဟူ၍ ဖြစ်သည်။ ရုပ်ခန္ဓာ သေခြင်းက စိတ်၊ ဝိညာဉ်နှင့် ခန္ဓာအား ခွဲခွါ စေသလို၊ ဝိညာဉ် သေခြင်းက ဘုရားနှင့် ခွဲခွါစေခြင်းပင်ဖြစ်သည်။ ထာဝရ သေခြင်းကား ဘုရားနှင့်လူ ထာဝရ ဝေးကွာ ခြင်းပင်ဖြစ်တော့သည်။

ခ။ ယုံကြည်သူတို့၏ အပြစ်အကျိုးဆက်။ ယုံကြည်သူတို့၏ အပြစ်တရား တို့သည် ကားတိုင်ပေါ်ဝယ် ခရစ်တော် ၏ ကိုယ်စား ပြုခြင်းအားဖြင့် ပေးဆပ်ပြီး ဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် အပြစ် လွှတ်ခြင်းကို ရပြီး ဖြစ်၍ စီရင်ခြင်းကို မခံရတော့ပေ။ သို့သော်လည်း ယုံကြည် ပြီးနောက် ထင်ရာ လုပ်ရန် မဟုတ်သောကြောင့် ယုံကြည် သူများသည် အပြစ်၏ အကျိုးဆက်ကို ခံစား ရပေမည်။ မယုံကြည်သောသူများကဲ့သို့ ထပ်တူထပ်မျှ စီရင်ခြင်း ကိုခံရမည် မဟုတ် သော်လည်း အကျိုးဆက် ကား အတူတူပင်ဖြစ်သည်။



( ၁ ) ဝိညာဉ်တော် ဘုရားအား ဝမ်းနည်းစေခြင်း။ ယုံကြည်သူ တို့တွင် ကျိန်းဝပ် တော်မူသော ဝိညာဉ် တော် ဘုရား သည် ယုံကြည် သူတို့ပြုသော အပြစ် ဒုစရိုက် အတွက် အမှန်ပင် ကြေကွဲ ဝမ်းနည်း စေသည်။ ရှင်ပေါလုက " ဝိညာဉ်တော်ကို စိတ်မနာ စေကြနှင့်" ဟု (ဖေက် ၄း၃၀) တွင် သတိ ပေးထား လေသည်။ ဤပြစ် ဒုစရိုက်ဖြင့် ဝိညာဉ်တော်ဘုရားအား ငြင်းဆန်မှု ပြုသော ကြောင့် ကောင်းကြီးမင်္ဂလာ လက်ခံ ရရှိရန် လွန်စွာခဲယဉ်းလှပေသည်။

( ၂ ) မိတ်သဟာယကို အတားအဆီးဖြစ်စေခြင်း။ ၁ ယော ၁း၆–၇ တွင် ကျွန်ုပ်တို့ အလင်းတရားတွင် လျှောက်လှမ်းပါက ဘုရား ရှင် နှင့် မိတ်သဟာယရှိပြီး၊ အမှောင်လမ်းတွင် ကျင်လည်လျှောက်လှမ်းပြီး ဘုရား ရှင်နှင့် မိတ်သဟာယ ရှိသည်ဟုဆိုက လိမ်ညာသော သူဖြစ်သည်ဟု ဆိုထား ပါသည်။ အပြစ်တရားတွင် ကျင်လည်နေသူသည်၊ ဘုရားရှင်နှင့် မိတ်သဟာယ မပြုနိုင်ပါ။ အပြစ်တရားကို သာ၍ ကျူးလွန်လေ၊ မိတ်သဟာယ၏ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းလည်း ယုတ်လျော့လာလေပင်ဖြစ်သည်။

( ၃ ) ဆုတောင်းခြင်းကို အတားအဆီးဖြစ်စေခြင်း။ ဆာလံ ၆၆း၁၈ တွင် " ငါသည်စိတ်နှလုံးထဲမှာ ဒုစရိုက်ကို ငဲ့ကွက်လျှင် ဘုရား ရှင်သည် နားညောင်း တော်မမူ" ဟူ၍ ဆိုထားပါသည်။ ယုံကြည် သူသည် အပြစ် တရားမှ လုံးလုံး ဝေးကွာ ခြင်း မရှိနိုင်ပါ၊ သို့ပါသော်ငြားလည်း မိမိ ပြုမှား မိ၍ ဖုံးကွယ်၍ ထားသော အပြစ်ကို သိသိ ကြီးဖြင့် စွန့်ပယ်ခြင်း၊ တောင်းပန်ခြင်းမရှိပါက ဘုရား ရှင် သည် သူ၏ ဆုတောင်းချက်အား နား ညောင်းတော်မူမည်မဟုတ်။

( ၄ ) စိတ်ဝိညာဉ်ကို ညှိုးနွမ်းစေခြင်း။ ဆာလံ ၃၈ တွင် ရှင်ဘုရင် ဒါဝိဒ်က သူ၏ ဝန်ချခြင်း မရှိသော အပြစ် ဒုစရိုက် ကြောင့် ခံစား ကြုံတွေ့ရသော စိတ်၊ ဝိညာဉ် ညှိုးနွမ်း၍ မအီမသာဖြစ်သော သောက၊ ပရိဝေဒ နှင့် ဒုက္ခများကို ဖေါ်ပြ ထားပါသည်။ ဝိညာဉ်တော် ဘုရား၏ လုပ် ဆောင်မှု တို့သည် တည်ရှိနေသော အပြစ် ဒုစ ရိုက် ကို ဝန်ခံ စွန့်ပယ်ခြင်း မရှိသေးသရွေ့ သူ၌ ငြိမ် ဝပ်ခြင်း ချမ်းသာကို ခံစားရမည်မဟုတ်ပေ။

( ၅ ) ဆုံးမခြင်းအမှု ကျရောက်စေခြင်း။ ကြုံတွေ့ရင်ဆိုင် ရသောအမှုအရာ မှန်သမျှ တို့သည် အပြစ်၏ အကျိုးဆက်ကြောင့် ဆုံးမခြင်းဟူ၍ကား မဟုတ်သည့် တိုင်အောင် တခါတရံ ဘုရားရှင် သည် ယုံကြည်သူ သားသမီးအပေါ်၌ လောက ဖခင်များ ကဲ့သို့ ဆုံးမ တော်မူလေသည် ( ဟေဗြဲ ၁၂း၉–၁၁)။ အာနနိနှင့် ရှဖိရေသည် ထို့အတွက် သေခဲ့ ကြသလို ကောရိန္သု အသင်း တော်မှ ယုံကြည်သူများ တို့သည်လည်း ပွဲတော် မင်္ဂလာ ကို မထီလေးစားပြုခြင်းကြောင့် အချို့ ဖျားနာ၍၊ အချို့ သေကြရလေသည် ( ၁ ကော ၁၁း၃၀–၃၁)။ အပြစ်ဒုစရိုက်၌ ကြိုးစား လုပ်ဆောင်၊ ကျင်လည်နေသော ခရစ်ယာန် ယုံကြည် သူတိုင်း ဆုံးမခြင်းကို အမှန် ခံစားကြရပေမည်။

( ၆ ) အမှုတော်မြတ်ကို အတားအဆီး ဖြစ်စေခြင်း။ ၂ တိ ၂း၂၁ တွင် ရှင်ပေါလုက အကြံ ဉာဏ် ပေးထားသည်မှာ ဘုရားရှင်၏ အစေခံ ကောင်း တဦးဖြစ်လာရေး မိမိကိုယ်ကို အပြစ်ဒုစရိုက်နှင့် ကင်းလွတ်စေရန် ဆိုထားသည်။`မင့်မြတ် သန့်ရှင်း တော်မူသော ဘုရားသည် အပြစ်ဒုစရိုက်နှင့် ပြည့်နှက် နေသော ယုံကြည်သူအား တန်ဆာပလာ အဖြစ် အသုံးပြုတော်မမူလိုပါ။

( ၇ ) ထိမိ၍ လဲစရာဖြစ်စေခြင်း။ ယုံကြည်သူ တဦးသည် အပြစ် ဒုစရိုက် အမှုများ ပါဝင်လုပ်ဆောင် နေသည်ကို အခြား ယုံကြည်ခြင်း အားနည်းသူတဦးက မြင်သွားပြီး ထပ်တူထပ်မျှ ပြုလာနိုင်ပေသည်။ သူသည် အဟန့်အတားသဖွယ်ဖြစ်ပြီး၊ အခြား ယုံကြည်သူများ အတွက်မူကား သူ့ အသက် တာ အားဖြင့် တည်ဆောက်စရာမဖြစ်ပဲ၊ ထိမိ၍ လဲစရာပင် ဖြစ်တော့သည် ( ရော ၁၄း၁၃၊၂၁)။

( ၈ ) ဆုလာဒ်သရဖူများ ဆုံးရှုံးခြင်း။ ကျွန်ုပ်တို့ ဖေါ် မပြနိုင်သော အံ့ဩဘွယ် ဆုလာဒ် သရဖူတို့သည် ထက် ကောင်းကင် ၌၊ ဘုရား လူတို့အတွက် ရှိနေပါသည်။ ၎င်း ဆုလာဒ် သရဖူ တို့သည် သစ္စာ ရှိသော ငယ်သားများ အတွက်ပင် ဖြစ်သည်။ ၂ ယော ၈ တွင် " ငါတို့ သည် ကိုယ်ပြုစုသော အရာများ မပျောက် မပျက်၊ စုံလင်သော အကျိုးကို ရမည်အကြောင်း ၊ သင်တို့ သည် ကိုယ် ကိုကိုယ် သတိပြု၍ စောင့်ရှောက်ကြလော့" ဟူ၍ သတိပေး စကားကို တွေ့ရပါသည်။

ယုံကြည်သူတိုင်းသည် အပြစ်ဒုစရိုက်ကို ရန်သူသဖွယ် မှတ်ယူ သင့်သည့်နည်းတူ၊ မုန်းသင့်ပေသည် ( ဆာလံ ၁၁၉း၁၂၈)။ နှုတ်ကပါတ်တော်ကို မပြတ် လေ့လာ သင့်သည် ( ဆာလံ ၁၁၉း၉၊၁၁)၊ အပြစ်တရားတို့၏ ဆိုးကျိုးကိုလည်း ပြောပြ သင့်သည် ( ဖေက် ၅း၁၁ ) သာမက၊ ရှောင်ရှားရပေမည် ( ၁ တိ ၆း၁၁၊ ၁ ကော ၁၀း၁၃ )။ သန့်ရှင်း တော်မူသော ဘုရားသည် သန့်ရှင်းသော ယုံကြည်သူသားသမီးများကိုသာ စောင့် မျှော်၍ နေတော်မူပါသည်။ ॥ ဆယ်မြူရယ်စိုးလွင်



ကာတွန်း - မင်းအောင်သက်လွင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၈ မေလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချီရန် ကန့်သတ် ထုတ်ဝေသည်။